
သင်သိလား?

# သင်သိလား?

ဘုရားသခင်၏ အမြင်မှာ သင်ဟာ အပြစ်သားတစ်ယောက်ဖြစ်တယ် ဆိုတာကို သင်သိပါသ လား။

အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌
အသရေပျက်ကြပြီ။ ရောမ ၃း၂၃

ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာမရှိ။ ၁ယော ၁း၈

သင်ဟာ သေခြင်းနှင့်ငင်း၊ ဘုရားသခင်နှင့်ငင်း ခွဲခန့်မှတ်သား ထားသူ ဖြစ်ပါသည်။



လူသည် တခါတည်း သေ၍ ထို့နောက်မှ တရားစီရင်ခြင်းငှါ ခံရသကဲ့သို့..... ဟေဗြဲ ၉း၂၇

သင်သည် ဘုရားသခင်၏ တရားစီရင်ခြင်း ကို ခံရလိမ့်မည်လော။

ထိုသို့သော အမှုကို ကိုယ်တိုင်ပြုလျက်ပင်၊ သူတပါးပြုသည်ကို စစ်ကြောစီရင်သောသူ၊ သင်သည် ဘုရားသခင် စီရင်တော်မူခြင်းနှင့် လွတ်မည်ဟု ထင်မှတ်သလော။ ရောမ ၂း၃

အကယ်၍ သင်၏အသက်တာသည် ဘုရားသခင်နှင့် အကျွမ်းဝင်မှုမရှိလျှင်၊ ထာဝရ ငရဲမီးအိုင် သို့ ဦးတည်နေပါသည်။

`မတရားသောသူတို့နှင့် ဘုရားသခင်ကို မေ့လျော့သော အမျိုးသား အပေါင်းတို့သည် မရဏာ နိုင်ငံသို့ နှင်ခြင်းကို ခံရကြလိမ့်မည်`။ ဆာလံ ၉း၁၇

ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ ချကြလတ့ံ။ မဿဲ ၁၃း၄၂

သင့်အသက်တာကို ဘုရားသခင်နှင့် အကျွမ်းဝင်ဖို့ရန် နည်းလမ်းရှိပါသည်။

ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ တပါးတည်းသော သားတော်ကို စွန့်တော် မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော ၃း၁၆

## ထာဝရအသက် ရရှိအောင် ကျွန်ုပ်မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။

### ၁။ နောင်တရခြင်း

ဘုရားသခင်သည် မိုက်မဲသောအချိန်ကာတို့ကို အမှုမထားဘူးသော်လည်း၊ ယခုမှာ ကိုယ် အပြစ်ကို မြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ ရှိသော လူအပေါင်းတို့ အား ပညတ်တော်မူ၏။ တမန် ၁၇း၃၀



### ၂။ သခင်ယေရှုခရစ်တော်ကို သင့်ရဲ့ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံခြင်း

ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရား သခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ ယော ၁း၁၂

## ၃။ သင့်အပြစ်များကို ဘုရားသခင်ထံ ဝန်ချတောင်းပန်ပါ။



ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင် သစ္စာတရားနှင့်ငြင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငြင်း ပြည့်စုံတော်မူ၏။

## ၄။ သတင်းကောင်းကို ရှင်သန်စေပါ။

ကိုယ့်ကိုကိုယ် လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူဖြစ်ကြလော့။

ငါ့ပညတ်တို့ကို စောင့်ရှောက်၍ အသက်ရှင်လော့။ ငါပေးသော တရားကို ကိုယ်မျက်ဆန်ကဲ့ သို့ စောင့်လော့။